ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ချောင်းဆုံမြို့

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအကောင်အထည်ဖော်မှု

# အစီအစဉ်




လူထုစည်းရုံးရေးမှူးအမည် - ဒေါ်သဇင်ထွေး


လက်ထောက်နည်းပညာမှူးအမည် - ဦးဖွဲ့ညီညီရှိန်


ရွာလွတ်ကျေးရွာအုပ်စု၊ရွာလွတ်ကျေးရွာ 2017 ခုနှစ်


# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ချောင်းဆုံမြို့နယ်ပြမြေပုံ | 5 |
| ၂။ | ရွာလွတ်ကျေးရွာတည်နေရာပြမြေပုံ | 6 |
| ၃။ | ရွာလွတ်ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း | 7 |
| ၄။ | ကျေးရွာအခြေခံအချက်အလက်များ | 7 |
| ၅။ | လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား | 8 |
| ၆။ | ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA Tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ | 10 |
| ၇။ | ရွာဖွံ့ဖြိုးရေးကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ | 21 |
| ၈။ | ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း | 23 |
| ၉။ | ကျေးရွာအချက်အလက် (ပုံစံ-၁) | 24 |
| ၁၀။ | စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂) | 27 |
| ၁၁။ | ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃) | 28 |
| ၁၂။ | ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ-၄) | 29 |
| ၁၃။ | အစည်းအဝေးမှတ်တမ်းများ | 30 |
| ၁၄။ | ကျေးရွာမှကြုံတွေ့နေရသည့်အခက်အခဲ အတားအဆီးများ | 32 |
| ၁၅။ | ကျေးရွာများမှနောင်လာမည့် (၅) နှစ်အတွင်းမျှော်မှန်းထားသည့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ | 32 |
| ၁၆။ | ကျေးရွာများမှအဆိုပြုထားသည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ထောက်ကူပြုသင်တန်းများ | 33 |

## ၁။ ချောင်းဆုံမြို့နယ်ပြမြေပုံ


MIMU
Myanmar Information Management Unit
Village Tracts of Chaungzon Township
Mon State
EUROPEAN COMMISSION
Humanitarian Aid
PAUNG
Mawlamyine
CHAUNGZON
MAWLAMYINE
MUDON
Chaungzon
Da Yei
Ka Lwi
Taw Ka Nar
Daung Yat (West)
Taung Sun
Daung Yet (East)
Ka Mar Mo
Mu Du
Nyaung Lan
Kawt Mu Pun
Ka Hnyaw
Kun Yaik
Ywar Lut
Boe Net
Hnee Hmoke
Ka Ma Nin
Ka Lawt
Thet Kaw
Mu Kwe
Saw Ke
Nat Hmaw
Taw Pun
Kayin Win Sein
Mu Yit Gyi
Kha Yaik Thit
Ku Lar Toet
Kun Thea
Ta Ku Pa Ti
Ma Yan
Hpan Hpa
Ku Lar Bi
Zee Kone
Wei Lan
Ka Yaik Du
Mu Yit Kalay
Se Pa Lar
Kawt Ka Daik
Hin Thar Kyun
Ka Mar Kay
Ah Bit
Kha Yaik Hnee Hu
Kun Hlar
Kayin
Yangon
Mon
N
Kilometers
0 2 4 8
Map ID: MIMU250v01
Creation Date: 19 December 2011. A3
Projection/Datum: Geographic/WGS84
Map produced by the MIMU - info.mimu@undp.org
Website : http://www.themimu.info
State Capital
Main Town
Other Town
Road
River and Stream
Township Boundary
District Boundary
State Boundary
Village Tract Area
Water Body
Data Sources :
BASE MAP - MIMU
Boundaries - WFP/MIMU/UNICEF
Place names - Ministry of Home Affair
(GAD) translated by MIMU
Disclaimer: The names shown and the boundaries used on this map do not imply official endorsement or acceptance by the United Nations.

## ၂။ ရှာလွတ်ကျေးရွာတည်နေရာပြမြေပုံ




လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းအကောင်အထည်ဖော်မှုအစီအစဉ်
(ရှာလွတ်ကျေးရွာအုပ်စု၊ ရှာလွတ်ကျေးရွာ)

## ၃။ ရွာလွတ်ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

| ကျေးရွာအုပ်စုအမည် | ကျေးရွာအမည် |
|---|---|
| ရွာလွတ်ကျေးရွာအုပ်စု | ရွာလွတ်ကျေးရွာ |
| | ရွာသစ်ကျေးရွာ |

## ၄။ ကျေးရွာအခြေခံအချက်အလက်များ

ကျေးရွာအမည် - ရွာလွတ်

ကျေးရွာအုပ်စုအမည် - ရွာလွတ်ကျေးရွာအုပ်စု

လူဦးရေ - ကျား -၃၄၆၃ ၊ မ- ၃၅၁၉၊ စုစုပေါင်း (၆၉၈၂) ဦး

အိမ်ထောင်စု - ၁၁၉၀စု

တိုင်းရင်းသားလူမျိုးစု - မွန်၊ အစ္စလာမ်

လူမျိုးစုရော - မရှိ

ပညာရေးအဆောက်အဦး - အမက (4) ကျောင်း၊ အထက (1) ကျောင်း၊ မူကြိုကျောင်း (1)

လူမှုရေးအဆောက်အဦး - စာကြည့်တိုက်၊ ကျေးရွာနားနေဆောင်၊ ဘုန်းကြီးကျောင်း၊ စေတီ

ကျန်းမာရေး အဆောက်အဦး - ကျေးလက်ကျန်းမားရေးဌာန၊ ဆေးပေးခန်း၊ အားသစ်လူငယ်အဖွဲ့၊ တိုက်နယ်ဆေးရုံ

အဓိက စီးပွားရေးလုပ်ငန်း - လယ်ယာ၊ ဥယျာဉ်ခြံ၊ လက်မှုလုပ်ငန်း၊ ရော်ဘာ၊ အသေးစားစက်မှုလုပ်ငန်းနှင့် အသေးစားစက်မှုဖုံ

ကျေးရွာ၏ထူးခြားသည့် ဝိသေသ - ရွာတွင်းတွင် ရွှေတောင်ဦးစေတီနှင့် စိန်မြတောင်စေတီ ရှိပါသည်။ ရွာတောင်ဘက်တွင် ရွာဦးစေတီ ရှိပါသည်။ ရွာအလယ်လမ်းဆုံမှာ ဆေးတံရှုပ်ထုနှင့် ကျက်သရေဆောင် ဟသာ်ရုပ်သုံးဖော် ဝိုင်းရံထားပါသည်။ ရှေ့ဟောင်းလက်မှုပညာရပ်များ ကို လုပ်ကိုင်ဆောင်ရွက်သောကြောင့် လက်မှုပစ္စည်းများထွက်ရှိကာ နိုင်ငံခြားသားများ စိတ်ဝင်တစား လာရောက်လေ့လာသော ကျေးရွာ တစ်ရွာဖြစ်သည်။

ကျေးရွာထွက်ကုန်များ - လယ်ယာထွက်ကုန်များ၊ ရော်ဘာ၊ လက်မှုပစ္စည်းများ၊ သရေကွင်း


## ၅။ လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျ | မ | ပေါင်း | |
| ၁ | ကျေးရွာလူမှုရေးပြ သယံဇာတပြမြေပုံ၊ (Social Map, Resources Map) | 10.1.2017 | ကျေးရွာလူထု | 225 | 453 | 678 | - ကျေးရွာ၏အဓိကသွင်ပြင်လက္ခဏာများကိုဆွေးနွေးခြင်း၊ ကျေးရွာအတွင်းတည်ရှိနေသည့် အရင်းအမြစ်များ၊ အခြေခံအဆောက်ဦးများနှင့် ဝန်ဆောင်မှုများကိုဆွေးနွေးခြင်း<br>- ၄င်းအခြေခံအဆောက်အဦးများ ၏အခြေအနေများကို ဆွေးနွေး ခြင်း၊ (ရပ်ရွာဖွံ့ဖြိုးရေးအတွက် ပြုပြင်ရန်နှင့် အသစ်ဆောက် လုပ်ရန်လိုအပ်ချက်များကို ဆွေးနွေးခြင်း) |
| ၂ | လူမှုစီးပွားအဆင့် သတ်မှတ်ခြင်း။ (Wealth Ranking) | 10.1.2017 | ကျေးရွာလူထု | 225 | 453 | 678 | - ကျေးရွာအတွင်းနေထိုင်သူ အိမ်ထောင်စု/ အုပ်စုများ၏ ဝင်ငွေ များ၊ ဥစ္စာဓန ကြွယ်ဝမှုများ၊ ပိုင် ဆိုင်မှုများနှင့် အခြေအနေများ ကို ဆွေးနွေးသုံးသပ်ခြင်း။<br>- ကျေးရွာလူထုများ၏ အသက် မွေးဝမ်းကြောင်းမှုလုပ်ငန်းအခြေ အနေ၊ ဖွံ့ဖြိုးတိုးတက်ရေး အတွက်ကြုံတွေ့နေရသည့် အားနည်းချက်များ၊ အဟန့်အတားများကို ရှာဖွေဖော်ထုတ် ခြင်း။<br>- အိမ်ထောင်စုများ/အုပ်စုများ၏ စီးပွားရေး၊ လူမှုရေးအခြေအနေ များကိုလေ့လာဖော်ထုတ်ခြင်း။ |
| ၃ | ရာသီခွင်ပြပြက္ခဒိန် (Seasonal Calendar) | 10.1.2017 | ကျေးရွာလူထု | 225 | 453 | 678 | - ကျေးရွာအတွင်းနေထိုင်သူများ တစ်နှစ်ပတ်လုံးအတိုင်းအတာ အတွင်း ရာသီအလိုက် လုပ်ငန်း ဆောင်တာများ၊ အသက်မွေး ဝမ်းကြောင်းမှု အပြောင်းအလဲ များကိုဆွေးနွေးခြင်း။<br>- အစာရေစာရရှိနိုင်မှု၊ ကျန်းမာ ရေးပြဿနာများ၊ အိမ်ထောင်စု များအတွင်း တစ်နှစ်ပတ်လုံး အတိုင်းအတာဖြင့် ကြုံတွေ့နေ ရသည့် မတူညီသည့် အခက်အ ခဲများကို ဆွေးနွေးခြင်း။<br>အချိန်အပိုင်းခြားအလိုက် အခက်အခဲနှင့် အခွင့်အလမ်း များကိုဆွေးနွေးခြင်း။ |

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျ | မ | ပ | |
| ၄ | အဖွဲ့အစည်းချိတ်ဆက်ပုံ (Venn Diagram) | 10.1.2017 | ကျေးရွာလူထု | 225 | 453 | 678 | - ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ၊ စီမံကိန်းများကို လုပ်ဆောင်နေသည့် ရွာအတွင်း ရွာပြင်ပရှိအဖွဲ့အစည်းများကို သိရှိနားလည်စေရန်နှင့် ၎င်းအဖွဲ့အစည်းများ၏အားဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ချိတ်ဆက်လုပ်ဆောင်နိုင်စေရန်ဆွေးနွေး ခြင်း။ |
| ၅ | ပင့်ကူအိမ်သုံးသပ်ခြင်း (Spider Web) | 10.1.2017 | အမျိုးသား/ အမျိုးသမီး အုပ်စု | 225 | 453 | 678 | - ကျေးရွာအတွင်းရှိ အမျိုးသမီး၊ အမျိုးသားများ၏ အခန်းကဏ္ဍကိုသိရှိနိုင်ရန်နှင့် ၎င်းတို့ကိုယ်တိုင်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်ရာတွင်ကြုံတွေ့နေသည့် အားနည်းချက်များ၊ ဆိုးကျိုးများကိုသိရှိနားလည်စေရန်။ |
| ၆ | ကျေးရွာ၏ (၅) နှစ်စာဦးစားပေးအစီအစဉ်ပြ ဇယား (Metric Ranking) | 10.1.2017 | ကျေးရွာလူထု | 225 | 453 | 678 | - ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အတွက်လက်ရှိကြုံတွေ့နေရသည့်အခက်အခဲ၊ ပြဿနာများ မှ နောင်လာမည့် (၅) နှစ်အတွင်းမိမိတို့ကျေးရွာများတွင် ဖွံ့ဖြိုးလာမည့်အသီးအပွင့်များ ကို မိမိတို့ကိုယ်တိုင် သိမြင်လာ စေရန်နှင့် ကြိုတင်အစီအစဉ်ချ ရေးဆွဲ၍ ဦးစားပေး အစီအစဉ် အလိုက်လုပ်ဆောင်နိုင်ရန် (အနာဂတ်ရူပါရုံ) ဆွေးနွေးခြင်း။ |

## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA Tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

### ၆.၁ အရင်းအမြစ်ပြမြေပုံ




**ရှာလွတ်ကျေးရွာ၏ လူမှုရေးနှင့်အရင်းမြစ်ပြမြေပုံ သုံးသပ်ချက်**

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ ရှာလွတ်ကျေးရွာတွင် အိမ်ထောင်စု (၁၁၉၀ ) စုမှာဗုဒ္ဓဘာသာ မွန်လူမျိုးများ ဖြစ်ကြပြီးကျား (၃၄၃၁) ဦး၊ မ (၃၄၆၆) ဦးရှိပြီး အိမ်ထောင်စု (၈) စုမှာ အစ္စလာမ် ဘာသာဝင်များ ဖြစ်ကြပြီး ကျား (၃၂) ဦး၊ မ (၅၃) ဦးတို့ရှိပြီး အခြားလူမျိုးရောတိုင်းရင်းသား မျိုးနွယ်စု မရှိကြပေ။ ရှာလွတ်ကျေးရွာတွင် စုစုပေါင်း လူဦးရေမှာ (၆၉၈၂) ဦးနေထိုင်ကြသည်။ သက်ကြီးရွယ်အို များ (၆၅) နှစ်နှင့် အထက် မှာ (၉၃၂) ရှိပြီးမသန်စွမ်းသူ (၁၂) ဦးရှိသည်။ အမျိုးသား အိမ်ထောင်ဦးစီး (၈၁၉) နှင့် အမျိုးသမီး အိမ်ထောင်ဦးစီး (၃၇၁) စုရှိပြီး ဆယ်နှစ်အထက်လူဦး ရေ (၅၄၀၈) ဦးနှင့် ဆယ်နှစ်အောက်လူဦးရေမှာ (၁၅၇၄) ဦးရှိသည်ကိုသိရှိရသည်။

လူမှုရေးအဆောက်အအုံ။ ။ရွာလွတ်ကျေးရွာသည် နယ်နိမိတ်အနေဖြင့် (၄) မိုင် ပတ်လည်ခန့် အကျယ်အဝန်းရှိပြီးဘုန်းကြီးကျောင်း (၇) ကျောင်း၊ ဇရပ် (၁၁) ခု စေတီပုထိုး (၆) ဆူ၊ သိမ် (၅) ခု၊ စာကြည့်တိုက် (၁)၊ အားသစ်စေတနာရှင်အသင်း၊ တရုတ်ဘုံကျောင်းတစ်ခု ကျေးလက်ကျန်းမာရေးဌာနဆေးပေးခန်း၊ ပုဂ္ဂလိကဆေးပေးခန်း (5) ခုရှိတို့ရှိပြီး ကျေးရွာအတွင်း အခမ်းအနားကျင်းပရန်၊ အစည်းဝေးပြုလုပ်ရန်အတွက် ကျေးရွာခန်းမဆောင်တစ်ဆောင် လိုအပ်နေသည်ကို ဆွေးနွေးတင်ပြကြပါသည်။

ပညာရေးကဏ္ဍတွင် အထက်တန်းကျောင်း (၁) ကျောင်း၊ ဆရာ/ဆရာမ (၄၈) ဦး၊ ကျောင်းသား၊ ကျောင်းသူ (၉၉၁) ဦးရှိပြီး၊ မူလတန်းကျောင်း (၄) ကျောင်းတွင် ဆရာ/ဆရာမ (၂၄) ဦး၊ ကျောင်းသား၊ ကျောင်းသူ (၂၇၈) ဦးရှိပြီး၊ မူကြိုကျောင်း (၁) ကျောင်းတွင်ဆရာ/ဆရာမ (၃) ဦး၊ ကျောင်းသား၊ ကျောင်းသူ (၈၇) ဦးတို့ရှိကြပြီး ဆရာ/ဆရာမများမှာ ရွာတွင်းနေထိုင်သူနှင့် အခြားရွာမှ လာရောက်ကြသူများလည်းရှိပါသည်။


သောက်သုံးရေရရှိမှုအခြေနေတွင် ကျေးရွာအတွင်း၌ သောက်သုံးရေ (၃၀၃) တွင်း၊ စက်ရေတွင်း (၃၉) တွင်း၊ ရေကန် (၁) ကန်ရှိသော်လည်းအသုံးမပြုကြပေ။ ရေအရင်းမြစ်မကောင်းခြင်း၊ ရေတွင်းနည်းခြင်းကြောင့် နွေရာသီတွင်အချို့နေရာ၌ ရေရှားပါးသော အခက်ခဲရှိနေပြီး ရွာလွတ်ကျေးရွာအနေဖြင့် ကျေးရွာအစွန်အဖျား ရပ်ကွက်များ၊ အထကကျောင်းနှင့် ဆေးရုံတို့တွင် ရေဖူလုံစွာရရှိစေရေးအတွက် ရေပိုက်သွယ်တန်းခြင်းလုပ်ငန်းကိုလည်းကောင်း၊ လိုအပ်နေသေးကြောင်း ဆွေးနွေး တင်ပြကြပါသည်။

လမ်းပန်းဆက်သွယ်ရေးတွင် ကျေးရွာအတွင်းရှိ လမ်းအများစုမှာ ကတ္တရာလမ်းများဖြစ်ပြီး ကွန်ကရစ်လမ်းနှင့် မြေနီလမ်းအနည်း ငယ်ရှိပါသည်။ အခြားရွာများသို့သွားသော ရွာချင်းဆက်လမ်းလဲကောင်းမွန်ပြီး သွားလာရေး အဆင်ပြေချောမွေ့ပါသည်။ ရွာလွတ်ကျေးရွာသည် အခြားကျေးရွာများနှင့် နှိုင်းယှဉ်ပါက တိုးတက်ဆဲ ကျေးရွာတစ်ရွာဖြစ်ပြီး ပညာတတ်လည်း ပေါများကာ ဗဟုသုတများပြီး အမြင်ကျယ်ကြသည်။ ကျေးရွာအတွင်း ကျန်ရှိနေသေးသော မြေသားလမ်းများအား ကွန်ကရစ်လမ်းများအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကိုလည်းကောင်း၊ ကျေးရွာ၏လမ်းဘေး ဝဲ၊ ယာရှိ ရေနုတ်မြောင်းများအား မြေကြီးတူးဖော်ခြင်းနှင့် အုတ်စီခြင်းလုပ်ငန်းများကိုလည်းကောင်း၊ ရွာပတ်ချောင်းကြီးအား ပြန်လည်တူးဖော်ခြင်းလုပ်ငန်းကိုလည်းကောင်း၊ အထက ကျောင်းအတွင်းရှိ ကစားကွင်းအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းစဉ်ကိုလည်းကောင်း စသဖြင့် ဆောင်ရွက်ရန် လိုအပ်ချက်များစွာရှိနေသေးကြောင်း ဆွေးနွေးကြသည်။

ကျန်းမာရေး အဆောက်အဦး အနေဖြင့် တိုက်နယ် ဆေးရုံ၊ ကျေးလက်ကျန်းမာရေး ဌာနဆေးပေးခန်း၊ ပုဂ္ဂလိက ဆေးပေးခန်း (5)၊ သွားနှင့်ခံတွင်းဆေးခန်းတို့ ရှိပါသည်။ တိုက်နယ်ဆေးရုံသည်အနီးအနားမှ ရွာပေါင်း (၁၅) ရွာခန့်ကလာရောက်ကုသ ကြပြီ းအချို့မှာမြို့နယ်ပြည်သူ့ဆေးရုံသို့သွားရောက်ကုသကြပြီးတစ်ချို့မှာ ပုဂ္ဂလိဆေးရုံ၊ ဆေးခန်းတွင်သွားရောက်ကုသ ကြသည်ကို တွေ့ရှိရပါသည်။

ကျေးရွာ၏ အဓိကစီးပွားရေးလုပ်ငန်းမှာ ရော်ဘာလုပ်ငန်း၊ လယ်ယာလုပ်ငန်း၊ အသေးစား စက်မှုလက်မှုလုပ်ငန်းများ လုပ်ကိုင်ကြသည်။ အချို့အိမ်ထောင်စုများသည် ကုန်စုံဆိုင်၊ ကုန်မာဆိုင်၊ ဖုန်းဆိုင် လျှပ်စစ်ပစ္စည်းဆိုင်တို့နှင့် စီးပွါးရေးလုပ်ကိုင်ကြပြီး ကိုယ်ပိုင်စီးပွါးရေး မရှိသော အိမ်ထောင်စု ဝင်များသည်ကျဘမ်းနေ့စားအလုပ်များဖြင့်လုပ်ကိုင်စားသောက်ကြပြီး အချို့သော အိမ်ထောင်စုမှ လူများသည် ပြည်ပတွင်ဝင်ငွေသွားရောက်ရှာဖွေ လုပ်ကိုင်ကြသူများလည်းရှိကြကြောင်း သိရပါသည်။

## ၆.၂ ရွာလွတ်ကျေးရွာ၏အဖွဲ့အစည်းအချင်းချင်းချိတ်ဆက်မှုပန်ကားချပ်




**ရွာလွတ်အုပ်စုရွာလွတ်ကျေးရွာ၏အဖွဲ့အစည်းချိတ်ဆက်မှု(ဗင်းကားချပ်)**

ကျေးရွာအတွင်းတွင်ရှိသောအဖွဲ့အစည်းများ

၁။ ကျေးရွာအုပ်ချုပ်ရေးမှူးအဖွဲ့

၂။ ကျေးရွာသာယာလှပရေးအဖွဲ့

၃။ လူငယ်သွေးအလှူရှင်အဖွဲ့

၄။ မီးသတ်အဖွဲ့

၅။ စမ္ပာစကူးအဖွဲ့

၆။ လူထုဗဟိုပြုစီမံကိန်း

၈။ ရဲကင်း

၈။ နာရေးကူညီမှုအသင်း

၉။ ဓမ္မစကြာအဖွဲ့

၁၀။ သမဝွေ

၁၁။ ကျောင်းအကျိုးတော်ဆောင်အဖွဲ့

၁၂။ YES Education

၁၃။ ပြည်သူ့စစ်

၁၄။ AMDP

၁၅။ MNP


၁၆။ USDP

၁၈။ မွန်စာပေယဉ်ကျေးမှု

၁၉။ မြို့နယ်သမဦးစီး

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ ရွာလွတ်ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် လုပ်ဆောင်နေသောကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ (၁၉) နှင့်ကျေးရွာပြင်ပရှိအဖွဲ့စည်း (၅) ဖွဲ့ရှိနေသည်ကို တွေ့ရှိရပါသည်။ ကျေးရွာရှိအဖွဲ့စည်းများ၏ ချိတ်ဆက်နိုင်မှုအားနှင့် ကျေးရွာအတွင်းလုပ်ဆောင်နိုင်မှုများအား စက်ဝိုင်းအခြေအနေအား လေ့လာသုံးသပ်ခြင်းဖြင့် သိရှိနိုင်သည်။ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့သည် ကျေးရွာအတွင်းတွင် ဩဇာအာဏာနှင့် လုပ်နိုင်စွမ်းကြီးမားသော အဖွဲ့အစည်းဖြစ်သည်။ ၄င်းအဖွဲ့သည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပံ့ပိုးကူညီမှုဖြင့် ကျေးရွာအတွင်းကတ္တရာလမ်းများခင်းခြင်း၊ သောက်သုံးရေဖူလုံစွာရရှိရေးအတွက် စက်ရေတွင်းများ တူးဖော်ခြင်းစသည့်ဖွံ့ဖြိုးရေးလုပ်ငန်းများအား အကောင်အထည်ဖော် ဆောင်ရွက်ခြင်းများရှိသည်။ ကျေးရွာသာယာလှပရေးအဖွဲ့သည်လည်း ကျေးရွာအုပ်ချုပ်မှုအဖွဲ့နည်းတူ လွှမ်းမိုးမှုရှိသည်။ ၎င်းအဖွဲ့သည် စိုက်ပျိုးရေးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ပံ့ပိုးကူညီမှုဖြင့် ကျေးရွာအတွင်း ကတ္တရာလမ်းများခင်းခြင်းစသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများအား အကောင်ထည်ဖော် ဆောင်ရွက်ပေးသည်။ လူငယ်သွေးလှူရှင်အဖွဲ့၊ လူထုဗဟိုပြုစီမံကိန်း၊ မီးသတ်၊ ရဲကင်း၊ ဓမ္မာစကူးလ်အဖွဲ့တို့သည် ကျေးရွာတွင်းရှိ လူမှုရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် ဩဇာလွှမ်းမိုးမှု အလယ်လတ်ခန့်ရှိပြီး ကျန်သောအဖွဲ့အစည်းများသည် ကျေးရွာအတွင်းရှိ လူမှုရေးကိစ္စရပ်များ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများကို သက်ဆိုင်ရာကဏ္ဍအလိုက်လုပ်ကိုင်နေကြသော်လည်း အချင်းချင်း ချိတ်ဆက်လုပ်ဆောင်မှုအားနည်းနေသည်ကို တွေ့ရပါသည်။

## ၆.၃ ဓနအင်အားအဆင့်သတ်မှတ်ခြင်း



ရှာလွတ်ကျေးရွာအုပ်စု ၊ ရှာလွတ်ကျေးရွာ၏ ဥစ္စာဓနကြွယ်ဝမှုဇယား နေ့စွဲ ၉.၁.၂၀၁၇

| အဆင့် | သတ်မှတ်ချက် | အိမ်ထောင်စုအရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာ | တိုက်ပု၊ နှစ်ထပ်တိုက်၊ ပျဉ်ထောင်အုတ်ညှပ်အိမ်၊ ကိုယ်ပိုင်ကား၊ လယ်ထွန်စက်၊ မြေတူးစက်၊ ဆန်စက်၊ ကုန်စုံဆိုင်ကြီး၊ အိမ်ဆောက်ပစ္စည်းဆိုင်၊ လယ်ဧက (၂၀) နှင့်အထက်၊ ရော်ဘာခြံ (၁၀) ဧကအထက်၊ TV, စလောင်း၊ မီးဖိုပစ္စည်းများရှိခြင်း။ | ၃၅၇ | ၃၀% |
| အလယ်အလတ် | တိုက်အိမ်၊ ပျဉ်ထောင်အုတ်ညှပ်အိမ်၊ ပျဉ်ထောင်အိမ်၊ လယ်ထွန်စက်အသေးစား၊ ထော်လာဂျီ၊ ကုန်စုံဆိုင်၊ ဖုန်းဆိုင်၊ ဆေးဆိုင်၊ စတိုးဆိုင်၊ အထည်ဆိုင်၊ လျှပ်စစ်ပစ္စည်းဆိုင်၊ TV, စလောင်း၊ ဆိုင်ကယ်၊ လယ် (၁၀) ဧကအောက်၊ ရော်ဘာခြံ (၅) ဧကအောက်ရှိခြင်း။ | ၅၉၅ | ၅၀% |
| နွမ်းပါး | သစ်အိမ်၊ ပျဉ်ထောင်ဖက်မိုး၊ သစ်ခင်း၊ ကျူထရံကာသွပ်မိုး၊ ကျဘမ်း၊ နေ့စားလုပ်သား၊ အိမ်ငှါးနေရှိခြင်း၊ TV, ဆိုင်ကယ်၊ စက်ဘီး၊ ဈေးရောင်း၊ လယ် (၅) ဧကအောက် အချို့အိမ်ထောင်စုရှိခြင်း၊ ရော်ဘာခြံ၊ ပန်းရံ၊ လက်သမား၊ | ၂၃၈ | ၂၀% |
| စုစုပေါင်း | | ၁၁၉၀ | ၁၀၀% |

ဦးဆောင်ဆွေးနွေးသူ

ဒေါ်ရင်ဖြိုး၆၀ (TTA)

ဒေါ်သာရင်ဆွေ (CF)


### ရှာလွတ်ကျေးရွာ၏ ဓနအင်အားအဆင့်သတ်မှတ်ခြင်းသုံးသပ်ချက်

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ ရှာလွတ်ကျေးရွာအုပ်စု၊ ရှာလွတ်ကျေးရွာသည် အိမ်ထောင်စု (၁၁၉၀) စုရှိပါသည်။ အဓိကစီးပွားရေးလုပ်ငန်းမှာ လယ်ယာ၊ ရော်ဘာလုပ်ငန်း၊ အသေးစား စက်မှုလုပ်ငန်း၊ လက်မှုလုပ်ငန်းများ လုပ်ကိုင်ကြသည်။ ရှာလွတ်ကျေးရွာအတွင်းရှိ အိမ်ထောင်စုများ မှတိုက်ပု၊ နှစ်ထပ်တိုက်၊ ပျဉ်ထောင်အုတ်ညှပ်အိမ်၊ သစ်အိမ်ကြီးကား၊ ဆိုင်ကယ်၊ လယ်ထွန်စက်၊ မြေတူးစက်၊ ဆန်စက်၊ ကုန်စုံဆိုင်ကြီး၊ အိမ်ဆောက်ပစ္စည်းဆိုင်၊ လယ်ဧက (၂၀) အထက်၊ ရော်ဘာခြံ (၁၀) ဧကနှင့်အထက်ရှိသော စီးပွားရေးလုပ်ငန်းငယ်ရှိသော အိမ်ထောင်စုများကို ချမ်းသာအဆင့် သတ်မှတ်ပြီးအိမ်ထောင်စု (၃၅၇) စုရှိပါသည်။ တိုက်ပု၊ ပျဉ်ထောင်အိမ်၊ ဆိုင်ကယ်၊ ထော်လာဂျီ၊ လယ်ထွန်စက်အသေး၊ ကုန်စုံဆိုင်ငယ်၊ ဖုန်းဆိုင်၊ ဆေးဆိုင်၊ စတိုးဆိုင်၊ အထည်ဆိုင်၊ လျှပ်စစ်ပစ္စည်း ဆိုင်လယ်ဧက (၂၀) အောက်၊ ရော်ဘာခြံ (၁၀) ဧကအောက်နှင့် ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ် ပိုင်ဆိုင်သော အိမ်ထောင်စုများကိုအလယ်အလတ်အဆင့်အဖြစ်သတ်မှတ်ပြီး အိမ်ထောင်စု၏ (၅၉၅) စု ရှိသည်။ ကျန်အိမ်ထောင်စု (၂၃၈) ခုသစ်အိမ်၊ ကျူထရံကာသွပ်မိုး၊ ဖက်မိုး၊ ဓနိမိုးကျူထရံကာ၊ ဆိုင်ဆယ်၊ စက်ဘီး၊ ကျဘမ်း၊ ပန်းရံ၊ လက်သမား၊ နေ့စားလုပ်သားအစရှိသောအိမ်ထောင်စုများကို ကြွယ်ဝမှုအဆင့် နွမ်းပါးအဆင့်အဖြစ် သတ်မှတ်ရာတွင် ဝါး၊ ဓနိမိုး၊ ထရံကာ၊ စက်ဘီး ပိုင်ဆိုင်ကြသူ

များဖြစ်ပြီး ကျဘမ်း၊ ပန်းရံ၊ လက်သမား၊ နေ့စားလက်လုပ်လက်စားဖြင့် လုပ်ကိုင်စားသောက်ကြသူများကို နွမ်းပါး အဆင့်သတ်မှတ်သည်။

သို့ဖြစ်ပါ၍ ရွာလွတ်ကျေးရွာရှိ အိမ်ထောင်စုများမှာ ဝမ်းစားဖူးလုံမှု အသင့်အတင့် ရှိကြ၍ စီးပွားရေး အနေဖြင့်အတော်အသင့်အတင့် အဆင်ပြေကြသည်။ တစ်နိုင်တစ်ပိုင် စက်မှုလက်မှု လုပ်ငန်းပိုင်ရှင်များ အိမ်ပိုင်ဆိုင်ပိုင်များနှင့် တစ်ဖက်နိုင်ငံတွင်သွားရောက် လုပ်ကိုင်ကြသူများသာ ပို၍ စီးပွားရေး အဆင်ပြေကြသည်။

## ၆.၄ ပင့်ကူအိမ်သုံးသပ်ခြင်း



**ရွာလွတ်ကျေးရွာပင့်ကူအိမ်သုံးသပ်ခြင်း**

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ ရွာလွတ်ကျေးရွာတွင် အမျိုးသမီးနှင့် အမျိုးသားရေးရာ အခန်းကဏ္ဍ ခွဲခြားစိတ်ဖြာရာတွင် အဆင့် (10) ဆင့်၊ အချက် (6) ချက်ဖြင့် သုံးသပ်ခဲ့ပါသည်။

### အိမ်မှုကိစ္စ

အိမ်မှုကိစ္စတွင် အမျိုးသမီးများသည် အမျိုးသားများထက်ပို၍ လုပ်ဆောင်နိုင်စွမ်းရှိသည်။ အဆင့်သတ်မှတ်ချက်အနေဖြင့် အမျိုးသမီးများသည် အဆင့် (၁၀) တွင်ရှိပြီး အမျိုးသားများသည် အဆင့် (၃) တွင်သာရှိနေသည်။ ထို့သို့ဖြစ်ရခြင်းမှာ အိမ်မှုအလုပ်သည် အမျိုးသမီးအလုပ်ဟု တစ်ရွာလုံးက ခံယူထားသောကြောင့်ဖြစ်သည်။

### ပစ္စည်းဥစ္စာပိုင်ဆိုင်မှု

ပစ္စည်းဥစ္စာပိုင်ဆိုင်မှု (အိမ်၊ ခြံ၊ မြေယာ) ကဏ္ဍတွင်အမျိုးသားများအဆင့် (၁၀) တွင်ရှိပြီး အမျိုးသမီးများ အဆင့် (၆) တွင်ရှိနေခြင်းမှာ အမျိုးသားအများစုသည် အိမ်ထောင်ဦးစီးဖြစ်သော ကြောင့် အိမ်၏စီးပွါးရေးကိုအဓိက ရှာဖွေလုပ်ကိုင်ရမည်ဟုခံယူထားကြပြီး အမျိုးသမီးများမှာအိမ်မှုကိစ္စ နှင့်သာ အချိန်ကုန်နေရသောကြောင့် ပစ္စည်းဥစ္စာပိုင်ဆိုင်မှုတွင် အဆင့်ကွာခြားနေခြင်းဖြစ်သည်။

### အလုပ်အကိုင်အခွင့်အလမ်း

ရွာလွတ်ကျေးရွာအနေအထားအရ အမျိုးသားများနှင့်အမျိုးသမီးများ အဆင့်အနည်းငယ်သာ ကွာခြားသည်။ အမျိုးသမီးများသည် အိမ်မှုကိစ္စရပ်များတွင် အချိန်ပြည့်နီးပါး လုပ်ကိုင်နေရသော်လည်း မိသားစုဝင်ငွေအတွက် တဖက်တလမ်းမှ ရှာဖွေလုပ်ကိုင်သူများလည်းရှိကြောင်း သိရသည်။

### ဝင်ငွေရှာဖွေမှု

အမျိုးသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းပိုများပြီး အမျိုးသမီးများအတွက် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသည်။ အဆင့်သတ်မှတ်ချက်အနေဖြင့် အမျိုးသားများသည် အမျိုးသမီးများထက်ပို၍ဝင်ငွေရှာဖွေ နိုင်ကြောင်းတွေ့ရသည်။ ထို့သို့ဖြစ်ရခြင်းမှာ အမျိုးသားများသည် အမျိုးသမီးများထက်အပင်ပန်းခံနိုင်မှု၊ အင်းအားကြီးမှု၊ အလုပ်မရွေး၊ နေရာမရွေးသွားလာလုပ်ကိုင်နိုင်မှုနှင့် လူမှုအသိုက်အဝန်းတစ်ခုလုံးကလည်း ဝင်ငွေရှာဖွေမှုသည် အမျိုးသားများတွင် တာဝန်ရှိသည်ဟု ခံယူထားကြသောကြောင့်ဖြစ်သည်။

### လုံခြုံမှု

အမျိုးသားများသည် အမျိုးသမီးများထက် လုံခြုံမှုပိုရှိသည်။ အိမ်တွင်းလုံခြုံမှု၊ ပတ်ဝန်းကျင် အတွင်းလုံခြုံမှု၊ ကျေးရွာအတွင်းလုံခြုံမှုတွင် အမျိုးသားများအဆင့် (၁၀) တွင်ရှိပြီး အမျိုးသမီးများ အဆင့် (၆) တွင် ရှိသည်။ ထို့သို့ဖြစ်ရခြင်းမှာ အမျိုးသမီးများအနေဖြင့် စိတ်ပိုင်းဆိုင်အရ မိမိကိုယ်ကို လုံခြုံမှု အားနည်းသည်ဟုခံစားရသောကြောင့် ဖြစ်သည်ဟုသိရသည်။

### ပညာသင်ကြားခွင့်

ပညာသင်ကြားခွင့်တွင် အမျိုးသားများနှင့်အမျိုးသမီးများ တန်းတူသင်ကြားခွင့်ရှိသော်လည်း အမျိုးသမီးများမှာမူ အမျိုးသားများထက်ပို၍ ပညာရေးတွင် မြင့်မားကြသည်။ အမျိုးသားများမှာမူ

အိမ်ထောင်စု၏ဝင်ငွေနှင့် စီးပွါးရေးကိုဦးဆောင်နေရသောကြောင့် အများစုမှာ အရွယ်မတိုင်ခင် ကျောင်းထွက်လိုက်ရပြီး စီးပွါးရေးအတွက် လုပ်ငန်းခွင်ဝင်နေကြရခြင်း၊ အခြားနိုင်ငံသို့သွား၍ အလုပ်လုပ်ကိုင်ကြခြင်းကြောင့် အမျိုးသားများထက်အမျိုးသမီးများက ပညာသင်ကြားခွင့် တွင်သာလွန်နေသည်ကိုတွေ့ ရှိရသည်။

**ခေါင်းဆောင်မှုနှင့်အရင်းအမြစ်များစီမံခန့်ခွဲအသုံးပြုခွင့်**


ခေါင်းဆောင်မှုနှင့်အရင်းအမြစ်စီမံခန့်ခွဲအသုံးပြုခွင့်တွင် အမျိုးသမီးများသည်လည်း အမျိုးသားများနှင့်အတူ ပါဝင်ဆောင်ရွက်နေသည်ကိုတွေ့ရှိရပါသည်။ အကြောင်းမှာ အိမ်ထောင်စုတွင်သော်လည်းကောင်း၊ ရပ်ရွာတွင်သော်လည်းကောင်း၊ ခေါင်းဆောင်မှုနှင့်စီမံခန့်ခွဲမှုတို့တွင် အတူတူပါဝင်ဆောင်ရွက် နေသည်ကိုတွေ့ရှိရပါသည်။

**ရပ်ကွက်အရေးကိစ္စတွင်ဆုံးဖြတ်ချက်ချပိုင်ခွင့်**

ဤကဏ္ဍာတွင်အမျိုးသား၊ အမျိုးသမီးများတို့သည် ကျေးရွာဖွံ့ဖြိုးရေးကိစ္စ၊ ရပ်ရွာလူမှုရေးနှင့် ရပ်ရွာပရဟိတလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင်အမျိုးသမီးများက အဆင့် (၁၀) တွင်ရှိပြီး အမျိုးသားများက အဆင့် (၇) တွင်သာရှိသည်။

အချုပ်အားဖြင့်ဆိုသော် ပင့်ကူအိမ်သုံးသပ်ခြင်းအဆင့် (၁၀) ဆင့် နှင့်အချက် (၁၀) ချက်တို့တွင်အမျိုးသားများကအချက် (၅) ချက်တွင်အမျိုးသမီးများထက် သာလွန်နေကြောင်း အချက် (၄) ချက်တွင်အမျိုးသမီးများက အမျိုးသားများထက်သာလွန်ပြီး ကျန်အချက် (၁) ချက်တွင်အမျိုးသားများနှင့် အမျိုးသမီးတို့အဆင့်အတူတူပါဝင်ဆောင်ရွက်နေကြသည်ကိုတွေ့ရှိရပါသည်။

## ၆.၅ ရာသီခွင်ပြဇယား



### ရှာလွတ်ကျေးရွာရာသီခွင်ပြဇယား သုံးသပ်ချက်


မွန်ပြည်နယ်၊ချောင်းဆုံမြို့နယ်၊ ရှာလွတ်ကျေးရွာအုပ်စု ရှာလွတ်ကျေးရွာ၏ ရာသီဥတုအခြေအနေမှာ တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသို၊ တပို့တွဲ၊ တပေါင်းလတွင် အပူရှိန်အလွန်ပြင်းပြီး ရေရှားပါးသော ကာလဖြစ်ပါသည်။ ကဆုန်လမှ တော်သလင်းလထိ မိုးရွာပြီး သီတင်းကျွတ်လတွင် မိုးအနည်းငယ်ရွာပါသည်။ မိုးရွာသွန်းမှုအခြေနေကိုကြည့်ပြီး လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ ဝါဆိုနှင့် ဝါခေါင်လ တွင်မိုးသည်းထန်စွာရွာသွန်းပြီး ရွာအစွန်ပိုင်းနှင့်လယ်ကွင်းနားတွင် ရံဖန်ရံခါ ရေကြီးရေလျှံမှုဖြစ်ပေါ်လေ့ရှိသည်။

နယုန်၊ ဝါဆိုလများတွင် ထွန်းယက်ပြီး မျိုးကြဲကာစိုက်ပျိုးကြပါသည်။ သီတင်းကျွတ်၊ တန်ဆောင်မုန်း လတွင် စပါးရိတ်သိမ်းပြီး လယ်သမားများဝင်ငွေအကောင်းဆုံးလဖြစ်ပါသည်။ ရော်ဘာခြံ လုပ်ကိုင်ကြသူများမှာ ဝါဆိုနှင့် ဝါခေါင်လများတွင် မိုးများ၍အလုပ်အကိုင်နားကြရပြီး ကျန်သောလများအားလုံးတွင် အလုပ်လုပ်ကိုင် နိုင်ကြောင်းသိရသည်။ တော်သလင်း၊ သီတင်းကျွတ်နှင့် တန်ဆောင်မုန်းလတို့တွင်စပါးရိတ်သိမ်းကြသည်။ နတ်တော်၊ ပြာသိုလတို့တွင် ဆီးနှင်းများကျပြီးအေးမြသည်။ နတ်တော်၊ ပြာသိုလတို့သည် လယ်သမားများ ဝင်ငွေရရှိသောကာလလည်းဖြစ်သည်။ တစ်ချို့သောနှစ်တွင်ရာသီဥတု ဖောက်ပြန်ချိန်ဖြစ်သောကြောင့်မထင် မှတ်ဘဲစပါးသိမ်းချိန်တွင်မိုးရွာသောကြောင့် အခက်ခဲနှင့်ကြုံတွေ့ရတတ်ပါသည်။ လက်မှုလုပ်ငန်းအနေဖြင့် ဆေးတံနှင့် အခြားပစ္စည်းများအား ဆယ်နှစ်ရာသီပတ်လုံး လုပ်ကိုင်ကြကာ ဈေးကွက်အခြေနေပေါ်မူတည်ပြီး ဝင်ငွေရရှိမှု အနည်း၊ အများ ကွဲပြားခြားနားသည်။ စက်မှုလုပ်ငန်းငယ်ဖြစ်သော သရေကွင်းလုပ်ငန်းမှာ ကဆုန်၊

နယုန်၊ ဝါဆို၊ ဝါခေါင်လများတွင်အလုပ်အကိုင်ရပ်နားကြပြီး ကျန်လများတွင် လုပ်ကိုင်ဆောင်ရွက်ကြသည်။ ကျဘမ်းအလုပ် လုပ်ကိုင်ကြသူများမှာ လစဉ်လတိုင်း စားဝတ်နေရေး အဆင်ပြေစေရန် အလုပ်အကိုင်များကို ရှာဖွေလုပ်ကိုင် စားသောက်ကြပါသည်။ တန်ခူး၊ ကဆုန်၊ သီတင်းကျွတ်၊ တပို့တွဲလများတွင် ပွဲတော်များ ပြုလုပ်ဆင်နွှဲကြသည်။ ထိုလများတွင် အများအားဖြင့် အလုပ်အကိုင်နားကြပြီး ပွဲတော်တွင် ပါဝင်ဆင်နွှဲကြသည်။ တန်ခူး၊ ဝါဆို၊ ဝါခေါင်၊ တန်းဆောင်မုန်းလများတွင် ရာသီဥတု အပြောင်းအလဲများကြောင့် ဖျားနာမှုများ ရှိကြပါသည်။ မိုးတွင်းကာလများတွင် ဝမ်းပျက်ဝမ်းလျှောများ အဖြစ်များကြသည်။ တပေါင်း၊ တန်ခူးလများတွင် သောက်သုံးရေရှားပါးခြင်းကိုလည်း ရံဖန်ရံခါကြုံတွေ့ရပါသည်။ ဝင်ငွေရရှိမှုအနေဖြင့် သီတင်းကျွတ်၊ တန်းဆောင်မုန်း၊ နတ်တော်၊ ပြာသို၊ တပို့တွဲလများတွင် ပိုမိုများပြားပြီး ကျန်လများတွင် ဝင်ငွေရရှိမှု နည်းပါးပါသည်။

ဤရာသီခွင်ပြဇယားကိုကြည့်ခြင်းအားဖြင့် လယ်ယာ၊ ရော်ဘာ၊ ဆေးတံလုပ်ငန်း၊ သားရေကွင်း လုပ်ငန်းတို့တွင် အမျိုးသမီးပါဝင်မှု (၅၀%) အောက်ရှိပြီး၊ ကျဘမ်းလုပ်ငန်းတွင် အမျိုးသမီးများသည်အိမ်မှုကိစ္စအပြင်အခြား ဝင်ငွေရသောလုပ်ငန်းတွင်လည်းပါဝင်လုပ်ကိုင်နေကြသည်ကိုသိရှိရပါသည်။

### ၆.၇ ရွာလွတ်ကျေးရွာပိုင်ဆိုင်မှုနှင့်ထိန်းချုပ်မှု



### ရွာလွတ်ကျေးရွာပိုင်ဆိုင်မှုနှင့် ထိန်းချုပ်မှု သုံးသပ်ချက်

ကျေးရွာတွင် အရင်းအမြစ်များစွာရှိသည့်အနက် အသုံးပြုမှုပိုင်းတွင် အမျိုးသား၊ အမျိုးသမီး နှစ်ဦးစလုံး အသုံးပြုကြသော်လည်း ကား၊ မီးသတ်ကား၊ ရဲစခန်း၊ နွားလှည်း၊ ဘော်လုံးကွင်း၊ သစ်စက်၊ စပါးကြိတ်စက်၊ မီးသဖြိုလ်စက်နှင့် မြေတူးစက်တို့ကို အမျိုးသားအသုံးပြုမှုများပြီး ကိုယ်တိုင် ထိန်းချုပ်ကြသည်။ ဘုန်းကြီးကျောင်း၊ ဘုရား၊ စေတီ၊ ဆေးရုံ၊ ဆေးပေးခန်း၊ စာကြည့်တိုက်၊ စာသင်ကျောင်း၊ အုတ်ဖို၊ သုသာန်၊ ဈေး၊ လယ်ယာ၊ ရော်ဘာခြံ၊ ရေတွင်း၊ ရေကန်၊ နွား၊ ချောင်း၊ တံတားတို့ကို အမျိုးသား၊ အမျိုးသမီးတို့ကအသုံးပြုကြပြီး ပြုပြင်ခြင်း၊ ဆုံးဖြတ်ချက်ချမှုအပိုင်းတွင် အမျိုးသမီးများ၏ အကြံပြုချက်များမပါဘဲ အမျိုးသားများမှသာ ဦးဆောင်ဆုံးဖြတ်ကြပြီး ပြုပြင်ကြသည်။ အလှပြင်လုပ်ငန်း၊ လက်မှုလုပ်ငန်း၊ မုန့်လုပ်ငန်း၊ စက်ချုပ်၊ ဆိုင်ကယ်၊ စက်ဘီးစသည့် အများပိုင်သော အခြေခံဆောက်အဦးများကို အမျိုးသားများမှ ဆုံးဖြတ်ချက်ချခြင်း၊ ဦးဆောင်ပြီးပြုပြင်ခြင်း ကိစ္စရပ်များ ပြုလုပ်ကြသည်။

ထိန်းချုပ်မှုအပိုင်းတွင်လည်း အမျိုးသားများမှ ဦးဆောင်နိုင်စွမ်းရှိသည်။ အမျိုးသားသီးသန့် ထိန်းချုပ်မှုအပိုင်းတွင် အမျိုးသမီးများပါဝင်ဆုံးဖြတ်ခြင်းမရှိပါ။ အမျိုးသားနှင့် အမျိုးသမီး နှစ်ဦးစလုံး ထိန်းချုပ်မှုအပိုင်းတွင်လည်း အမျိုးသားများမှ ဦးဆောင်နေသည်ကိုတွေ့ရပြီး အမျိုးသမီးများ အနည်းငယ်သာ ဆုံးဖြတ်ခွင့်ရသည်ကိုတွေ့ရသည်။ (ဥပမာ- ဈေး၊ စိုက်ခင်း၊ စာသင်ကျောင်း၊ ဆေးခန်း၊ မူကြို) အမျိုးသားများသည် ကျေးရွာဖွံ့ဖြိုးတိုးတက်အောင်လုပ်ဆောင်ရာတွင် အမျိုးသမီးများထက် သွားလာလှုပ်ရှားနိုင်ခြင်း၊ ဦးစီးဦးဆောင်ပိုမိုလုပ်ဆောင်နိုင်ခြင်း၊ ဌာနဆိုင်ရာအသီးသီးကို ပေါက်ရောက်လုပ်ဆောင်နိုင်ခြင်း၊ အဆက်သွယ်ကောင်းများရှိခြင်း၊ အတွေ့အကြုံများခြင်းတို့ကြောင့် အမျိုးသားများမှာ ဦးဆောင်ထိန်းချုပ်နေသည် ဟုသုံးသပ်ရပါသည်။

## ၇။ ရွာဖွံ့ဖြိုးရေးကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ










လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းအကောင်အထည်ဖော်မှုအစီအစဉ်
(ရွာလွတ်ကျေးရွာအုပ်စု၊ ရွာလွတ်ကျေးရွာ)

## ၈။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | စီ/ထောက်ကော်မတီ | ရာထူး | အမည် | မှတ်ချက် |
|---|---|---|---|---|
| ၁ | စီ/ထောက်ကော်မတီ | ဥက္ကဋ္ဌ | ဦးသိန်းဇံ | |
| | | | ဒေါ်သိန်းသိန်းဝေ | |
| ၂ | ဝယ်ယူရေးဆပ်ကော်မတီ | အဖွဲ့ခေါင်းဆောင် | ဦးကျော်ဆန်း | |
| | | အဖွဲ့ဝင် | ဦးဇော်မင်း | |
| | | အဖွဲ့ဝင် | ဒေါ်ညိုညိုအောင် | |
| ၃ | လုပ်ငန်းလည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးကော်မတီ | အဖွဲ့ခေါင်းဆောင် | ဦးမျိုးမြင့် | |
| | | အဖွဲ့ဝင် | ဒေါ်အေးအေးနိုင် | |
| | | အဖွဲ့ဝင် | ဒေါ်မိကျင်သန်း | |
| ၄ | စောင့်ကြည့်ကြီးကြပ်ရေး ကော်မတီ | အဖွဲ့ခေါင်းဆောင် | ဦးတင်ဖေ | |
| | | အဖွဲ့ဝင် | ဒေါ်ခင်အေးတင့် | |
| | | အဖွဲ့ဝင် | ဒေါ်တင်မိုးသန့် | |
| ၅ | အကြဲပြုတိုင်ကြားရေး ကော်မတီ | အဖွဲ့ခေါင်းဆောင် | ဦးလှဂင်း | |
| | | အဖွဲ့ဝင် | ဒေါ်မိငယ် | |
| ၆ | ဘဏ္ဍာရေးဆပ်ကော်မတီ | စာရင်းကိုင် | ဦးမင်းကိုကိုကြီး | |
| ၇ | စေတနာ့ဝန်ထမ်း | | ဦးအောင်သန်းထွန်း | |
| | စေတနာ့ဝန်ထမ်း | | ဦးအောင်မင်းလွန် | |
| | စေတနာ့ဝန်ထမ်း | | ဒေါ်သန္တာ | |
| | စေတနာ့ဝန်ထမ်း | | ဒေါ်သန်းစိန် | |

## ၉။ ကျေးရွာအချက်အလက် (ပုံစံ-၁)



[illegible] ... ကိုက်ညီမှုရှိ/မရှိ စိစစ်ရမည်။ စိမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာခေါင်းဆောင် အမည် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် | |
|---|---|---|---|
| ဦးအောင်ဇော်ဦး | ၀၉. 250093924 | [illegible] | |
| ပြည်နယ်/တိုင်းဒေသကြီး | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |
| ရှမ်း | ကျောင်းဆုံ | ဒါဂလွတ် | ဒါဂလွတ် |

[illegible]။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ---ရှမ်း--- | ၁၁၈၂ | ဘာသာ (၁) ---ဗုဒ္ဓ--- | ၁၁၈၂ |
| လူမျိုးစု (၂) ---[illegible]--- | ၈ | ဘာသာ (၂) ---[illegible]--- | ၈ |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------ | | ဘာသာရော ------------ | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၁၂ | | ၁၂ |
| [illegible]က်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၉၃၂ | | ၉၃၂ |
| ဝဝ်ဘေးရှောင် | - | - | - |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၃၄၆၃ | ၃၅၁၉ |
| လူမျိုးစု (၁)---ရှမ်း--- | ၃၄၃၁ | ၃၄၆၆ |
| လူမျိုးစု (၂)---[illegible]--- | ၃၂ | ၅၃ |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၈၁၉ | ၃၇၁ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| | | | | | |
|---|---|---|---|---|---|
| [illegible] | ✓ | [illegible] | ✓ | [illegible] | ✓ |
| | | | ✓ | | ✓ |
| မူလတန်းကျောင်း | ✓ | ကျန်းမာရေးဌာနခွဲ | ☐ | ပဲ့နှုသူရှားကျောင်း | ☐ |
| မူကြိုကျောင်း | ✓ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဝလီ | ☐ |
| | | | | အခြား | ✓ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် ဓာရုဏ်ဘုံ ကျောင်း | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြ ဆရာ/မ | ✓ | ✓ | ဆရာဝန် | ☐ | ✓ | လက်သမား | ✓ | ☐ |
| အထက်တန်းပြ ဆရာ/မ | ✓ | ✓ | လက်ထောက် ကျန်းမာရေးမှူး | ☐ | ✓ | ပန်းရံ | ✓ | ☐ |
| အလယ်တန်းပြ ဆရာ/မ | ✓ | ☐ | အမျိုးသမီး ကျန်းမာရေး ဆရာမ | ✓ | ✓ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ✓ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ✓ | ☐ | ရေပိုက်သွယ်သူ | ✓ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေး လုပ်သား | ✓ | ☐ | စက်ပြင်ဆရာ | ✓ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | (ကတ္တရာလမ်း) | (ကွန်ကရစ်လမ်း) | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား ____________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် — ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? — (ရှိပါသည်)/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — ခုနှစ် ၂၀၁၄-၂၀၁၅ /မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — (ပြုခဲ့ပါသည်)/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင် ၁/၂ /မသိပါ
(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် ၁၀ မိနစ် ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/
အခြား -------------------
မိုးရာသီတွင်ကြာချိန် ၃၅ မိနစ် ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/
အခြား -------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်
ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။
☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ [illegible] (၁၁) ကြိမ် ပါသည်

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ
လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) [illegible] အဖွဲ့
(၂) [illegible] အဖွဲ့

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း
ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။
☐ မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် ဦးအောင်ဇော်ဦး
လက်မှတ် နေ့စွဲ 7.1.2017

လူထုစည်းရုံးရေးမှူး အမည် ဒေါ်[illegible]
လက်မှတ် နေ့စွဲ 7.1.2017

## ၁၀။ စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂)

ပုံစံ - စ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။

စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်သဇင်ထွေး

နေ့စွဲ 9.1.2017

စက်ဝန်းအားအမှတ်ခြစ်ပါ ☐ စက်ဝန်း(၁) ☑ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☐ စက်ဝန်း (၄)

ပြည်နယ်/တိုင်း မွန် | မြို့နယ် ချောင်းဆုံ | ကျေးရွာအုပ်စု ရှာလွတ် | ကျေးရွာ ရှာလွတ်

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 9.1.2017 | 9.1.2017 | 240 | 455 | 695 | - |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 10.1.2017 | 10.1.2017 | 225 | 453 | 678 | - |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | 10.1.2017 | 10.1.2017 | 19 | 16 | 35 | - |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | 16.2.2017 | 10.3.2017 | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည် ဖော်ရေး ကော်မတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး ဆွေးနွေးသည့် အစည်းအဝေး | 28.4.2017 | 28.4.2017 | 178 | 418 | 596 | - |
| ၆။ စီမံကိန်းလုပ်ငန်းစွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် အစီအစဉ် ရေးဆွဲခြင်း | 29.4.2017 | 29.4.2017 | 165 | 422 | 587 | - |
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | 30.4.2017 | 30.4.2017 | 9 | 7 | 16 | - |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | - |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | - |
| ၇။ စီမံကိန်းလုပ်ငန်းစွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | - |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | - |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | - |
| ၈။ စီမံကိန်းလုပ်ငန်းစွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | - |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | - |

## ၁၁။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃)

ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

လမ်းညွှန်ချက်၊ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။

| | | | |
|---|---|---|---|
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ဘဘရင်ရွှေ | | | |
| နေ့စွဲ ၁၀. ၁. ၂၀၁၇ | စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) √ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) | | |
| ပြည်နယ်/တိုင်း မွန် | မြို့နယ် ချောင်းဆုံ | ကျေးရွာအုပ်စု ရွာလွတ် | ကျေးရွာ ရွာလွတ် |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | အက်စုံသုံးခန်းမ မရှိသဖြင့်ကျေးရွာအတွင်းအခမ်းအနားများ ပြုလုပ်ရန်ခက်ခဲခြင်း | ၁ | အက်စုံသုံးခန်းမ မရှိသဖြင့်ကျေးရွာအတွင်းအခမ်းအနားများ ပြုလုပ်ရန်ခက်ခဲခြင်း |
| ၂ | ရွာတွင်းလမ်းမကောင်းသဖြင့် သွားလာရန်ခက်ခဲမှုရှိသည် | ၂ | ရွာတွင်းလမ်းမကောင်းသဖြင့် သွားလာရန်ခက်ခဲမှုရှိသည် |
| ၃ | ရေတွင်းလက်ဖြင့်တူးကာ နည်းပါးသဖြင့် ရေမလုံလောက်သောအခက်အခဲရှိခြင်း | ၃ | ရေတွင်းလက်ဖြင့်တူးကာ နည်းပါးသဖြင့် ရေမလုံလောက်သောအခက်အခဲရှိခြင်း |
| ၄ | ကျေးရွာစာဖတ်ခန်း ပျက်စီးနေခြင်းကြောင့် ကျေးရွာလူထု စာပေဗဟုသုတ လေ့လာရန်ခက်ခဲခြင်း | ၄ | ကျေးရွာစာဖတ်ခန်း ပျက်စီးနေခြင်းကြောင့် ကျေးရွာလူထု စာပေဗဟုသုတ လေ့လာရန်ခက်ခဲခြင်း |
| ၅ | ရေမြောင်းပေါက်မရှိသဖြင့် ရေလွှမ်းမိုးခြင်း၊ ရေကြီးနစ်မြုပ်ခြင်း | ၅ | ရေမြောင်းပေါက်မရှိသဖြင့် ရေလွှမ်းမိုးခြင်း၊ ရေကြီးနစ်မြုပ်ခြင်း |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | အများပြည်သူသုံး ခန်းမဆောင်ရှိသော ရွာဖြစ်ချင် | ၁ | အများပြည်သူသုံး ခန်းမဆောင်ရှိသော ရွာဖြစ်ချင် |
| ၂ | တစ်ရွာလုံးလမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သော ရွာဖြစ်ချင် | ၂ | တစ်ရွာလုံးလမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သော ရွာဖြစ်ချင် |
| ၃ | တစ်ရွာလုံးသောက်သုံးရေအပြည့်အဝရရှိသော ရွာဖြစ်ချင် | ၃ | တစ်ရွာလုံးသောက်သုံးရေအပြည့်အဝရရှိသော ရွာဖြစ်ချင် |
| ၄ | အဆင့်မြင့်စာဖတ်ခန်း၊ စာကြည့်တိုက်ရှိသော ရွာဖြစ်ချင် | ၄ | အဆင့်မြင့်စာဖတ်ခန်း၊ စာကြည့်တိုက်ရှိသော ရွာဖြစ်ချင် |
| ၅ | ရေစီးရေလာကောင်းမွန်ပြီး လမ်းဘေးရေနုတ်မြောင်းရှိသော ရွာဖြစ်ချင် | ၅ | ရေစီးရေလာကောင်းမွန်ပြီး လမ်းဘေးရေနုတ်မြောင်းရှိသော ရွာဖြစ်ချင် |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျိုးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | အက်စုံသုံးကျေးရွာခန်းမ တည်ဆောက်ခြင်း | အမျိုးသား+အမျိုးသမီး | ၄၀၀၀၀၀၀၀ | ၆၉၈၂ |
| ၂ | မြေသားလမ်းမှ ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်း (ရပ်ကွက် ၆+၇) | " | ၆၆၀၀၀၀၀ | ၆၉၈၂ |
| ၃ | မြေသားလမ်းမှ ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်း (ရပ်ကွက် ၃+၄+၅) | " | ၃၅၀၀၀၀၀ | ၆၉၈၂ |
| ၄ | | | | |
| ၅ | | | | |

ယ။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | ဆိုင်ကယ်ပြုပြင်ရေးသင်တန်း | အမျိုးသား | |
| ၂ | ဖုန်းပြုပြင်ရေးသင်တန်း | အမျိုးသား | |
| ၃ | မှိုမျိုးစိုက်လုပ်ငန်း | အမျိုးသား+အမျိုးသမီး | |
| ၄ | [illegible] သင်တန်း | 〃 | |
| ၅ | စက်ချုပ်သင်တန်း | အမျိုးသမီး | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ---ဦးသိန်းဝေ--- လက်မှတ် --------- နေ့စွဲ---၁၀.၁.၂၀၂၁---

## ၁၂။ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ-၄)

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

ပုံစံ - စ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ... မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ

ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် [illegible]

စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(√) ☐စက်ဝန်း(၁) ☑စက်ဝန်း(၂) ☐စက်ဝန်း(၃) ☐စက်ဝန်း(၄)

ပြည်နယ်/တိုင်း မွန် | မြို့နယ် ချောင်းဆုံ | ကျေးရွာအုပ်စု ရှာလွတ်

| ကျေးရွာအမည် | ဆောင်ရွက်မည့် လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက် အကျိုးခံစားခွင့် ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| ရှာလွတ် | ကွန်ကရစ်လမ်း ခင်းခြင်း (ရပ်ကွက် ၆+၇ ဆက်လမ်း) | 530'x9'x6" | 6982 | ☐ ကျား ☐ မ ☑ ကျား+ မ | 6600000 | | | | |
| ရှာလွတ် | ကွန်ကရစ်လမ်း ခင်းခြင်း (ရပ်ကွက် ၃+၄+၅ ဆက်လမ်း) | 330'x8'x6" | 6982 | ☐ ကျား ☐ မ ☑ ကျား+ မ | 3500000 | | | | |
| ရှာလွတ် | ကျေးရွာ[illegible] တည်ဆောက်ခြင်း | 60'x30'x12' | 6982 | ☐ ကျား ☐ မ ☐ ကျား+ မ | 39500000 | | | | |
| ရှာသစ် | ကွန်ကရစ်လမ်းခင်း ခြင်း+တံတားတစင်း | 400'x10'x6"+ 15'x4'x2'-6" | 618 | ☐ ကျား ☐ မ ☑ ကျား+ မ | 7400000 | | | | |
| ရှာသစ် | ရေမြောင်း[illegible] ဆောက်လုပ်ခြင်း | 900'x2'-3"x 2'-3" | 618 | ☐ ကျား ☐ မ ☑ ကျား+ မ | 5950000 | | | | |

ဥက္ကဋ္ဌ - ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် ဦးသိန်းဝေ လက်မှတ် ရက်စွဲ

## ၁၃။ အစည်းအဝေးမှတ်တမ်းများ

အစည်းအဝေးမှတ်တမ်း

အစည်းအဝေးခေါင်းစဉ် - ပထမအကြိမ်အစည်းအဝေး

ကျေးရွာ / ကျေးရွာအုပ်စု - ရှာလွတ် / ရှာလွတ်

ကျင်းပသည့်နေရာ - ဓမ္မဝိဟာရ ဓမ္မာရုံ

စတင်ချိန် - ပြီးဆုံးချိန် - ၁၁:၀၀ နာရီ မှ ၃:၀၀ နာရီထိ

တက်ရောက်သူဦးရေ - ကျား (၂၄၀) + မ (၄၅၅) = ၆၉၅ယောက်


ရက်စွဲ - ၉. ၁. ၂၀၁၇

ရည်ရွယ်ချက်။ "လူထုဗဟိုပြုစီမံကိန်း၏ အဓိပ္ပါယ်သဘောတရားများ၊ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့များ၊ စီမံကိန်းစက်ဝန်း၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများနှင့် ရင်းနှီးမှုရှိစေရန်၊ လူထုဗဟိုပြုစီမံကိန်း၏ ကျား၊မ ရေးရာနှင့် လူမှုပူးပေါင်းပါဝင်မှုတို့ကိုလည်း ရင်းနှီးမှုရှိစေရန်။

အကြောင်းအရာ။ "ရှာလွတ်ကျေးရွာအုပ်စု၊ ရှာလွတ်ကျေးရွာ၏ လူထုဗဟိုပြုစီမံကိန်း ဒုတိယစက်ဝန်း၏ ပထမအကြိမ် အစည်းအဝေးတွင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး မှ အဖွင့်အမှာစကား ပြောကြားခဲ့ပြီး၊ လက်ထောက်နည်းပညာမှူး ဦးဝင်းထွန်း မှ စီမံကိန်းမိတ်ဆက်အကြောင်းကို ပြောကြားရှင်းလင်းပေးခဲ့ပါသည်။ ထို့နောက် လူထုစည်းရုံးရေးမှူး ဒေါ်သဇင်ထွေး မှ စီမံကိန်း၏ရည်ရွယ်ချက်နှင့် စက်ဝန်းအကြောင်းများ၊ စီမံကိန်းတွင်ပါဝင်သူ၏ အဓိကတာဝန်ဝတ္တရားများအကြောင်းကို ရှင်းလင်းပြောကြားပေးခဲ့ပါသည်။ ထို့နောက် ကျေးရွာစေတနာ့ဝန်ထမ်းများကို ရွေးချယ်ခဲ့ပါသည်။ ပြီးနောက် ကျား၊ မ အဖွဲ့ခွဲ၍ လူမှုဆန်းစစ်ခြင်းများ ပြုလုပ်၍ ကျေးရွာလူထု၏ ဖွံ့ဖြိုးရေး အခြေအနေနှင့် လိုအပ်ချက်များကို ဖော်ထုတ်ဆွေးနွေးခဲ့ပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ပါသည်။

မှတ်တမ်းတင်သူ

ဒေါ်သဇင်ထွေး (CF)


အစည်းအဝေးမှတ်တမ်း

အစည်းအဝေးခေါင်းစဉ် - ဒုတိယအကြိမ်အစည်းအဝေး (ဒုတိယစက်ဝိုင်း)
ကျေးရွာ / ကျေးရွာအုပ်စု - ရှာလွတ် / ရှာလွတ်
ကျင်းပသည့်နေရာ - ဓမ္မဝိဟာရ ဓမ္မာရုံ
စတင်ချိန် - ပြီးဆုံးချိန် - ၁၁:၀၀ နာရီ မှ ၃:၃၀ နာရီထိ
တက်ရောက်သူဦးရေ - ကျား (၂၂၅) + မ (၄၅၃) = ၆၇၈ ယောက်
ရက်စွဲ - ၁၀.၁.၂၀၁၇

ရည်ရွယ်ချက်။ ။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်ပြင်ဆင်ခြင်းနှင့် ကျေးရွာကိုယ်စားလှယ်များနှင့်ကော်မတီအဖွဲ့ဝင်များရွေးချယ်ခြင်း။

အကြောင်းအရာ။ ။ရှာလွတ်ကျေးရွာအုပ်စု၊ ရှာလွတ်ရွာ၏လူထုဗဟိုပြုစီမံကိန်း၏ ဒုတိယအကြိမ်အစည်းအဝေးတွင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးမှကြိုဆိုစကားပြောကြားရာတွင် ရွာလူထုအနေနှင့် လိုအပ်ချက်များ ရှိသော်လည်း ရွာအတွက်အဓိက လိုအပ်ချက်ကို ဦးစားပေးရွေးချယ်တင်ပြရန် ပြောကြားခဲ့သည်။ ထို့နောက်အစည်းအဝေးတက်ရောက်လာသောလူထုများအား အမျိုးသား / သမီး အဖွဲ့များခွဲပြီး ကျေးရွာအတွင်းရှိ အခက်အခဲပြဿနာများ၊ အနာဂတ်ကျေးရွာအတွက် မျှော်မှန်းချက်များ၊ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆွေးနွေးခဲ့ကြပါသည်။ အမျိုးသား / သမီးတို့၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကိုပြန်လည်စုစည်းတင်ပြပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေးသတ်မှတ်ခဲ့ကြပါသည်။ ထို့နောက် ကျေးရွာစီမံခန့်ခွဲမှုအဖွဲ့ကို ကျေးရွာလူထု၏သဘောဆန္ဒအတိုင်း ဆပ်ကော်မတီခွဲအလိုက်ရွေးချယ်တင်မြှောက်ပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ပါသည်။

မှတ်တမ်းတင်သူ
ဒေါ်သဇင်ရွှေ (CF)

## ၁၄။ ကျေးရွာမှကြုံတွေ့နေရသည့်အခက်အခဲ အတားအဆီးများ

| စဉ် | အဆိုပြုသူ | အခက်အခဲ၊ အတားအဆီးများ |
|---|---|---|
| ၁ | ကျား/မ | ဘက်စုံသုံးခန်းမ မရှိသဖြင့် ကျေးရွာအတွင်း အစည်းအဝေးများပြုလုပ်ရာတွင် နေရာခက်ခဲခြင်း |
| ၂ | ကျား/မ | ရွာအတွင်းရှိ အချို့သောလမ်းများ ပြုပြင်ရန်လိုအပ်ချက်များရှိနေသေးခြင်း။ |
| ၃ | ကျား/မ | ရေအရင်းအမြစ် (လက်နှိပ်တုံကင်) မလုံလောက်သဖြင့် အချို့သောမိသားစုများတွင် သောက်သုံးရေရှားပါးခြင်း။ |
| ၄ | ကျား/မ | ကျေးရွာသူ/သားများ အသုံးပြုနေသည့် စာကြည့်တိုက် ပြုပြင်ရန်လိုအပ်ချက်ရှိနေခြင်း။ |
| ၅ | ကျား/မ | ရေမြောင်းများမကောင်းခြင်း၊ ရေပြွန်ပေါက်မရှိခြင်းကြောင့် မိုးရာသီတွင် ရေကြီးနစ်မြုပ်ခြင်း။ |

## ၁၅။ ကျေးရွာများမှနောင်လာမည့် (၅) နှစ်အတွင်းမျှော်မှန်းထားသည့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| စဉ် | အဆိုပြုသူ | လုပ်ငန်း |
|---|---|---|
| ၁ | ကျား/မ | အများပြည်သူအသုံးပြုနိုင်ရန်အတွက် ဘက်စုံသုံးခန်းမတစ်ခု တည်ဆောက်ပြီးဖြစ်ရန်။ |
| ၂ | ကျား/မ | ကျေးရွာအတွင်းရှိလမ်းများ ကောင်းမွန်စွာအဆင့်မြှင့်ပြီးဖြစ်ရန်။ |
| ၃ | ကျား/မ | သန့်ရှင်းသောရေအရင်းမြစ်များပြည့်စုံပြီး သောက်သုံးရေ ဖူလုံစွာရရှိရန်။ |
| ၄ | ကျား/မ | ကျေးရွာသူ/သားများ အသုံးပြုနိုင်မည့် စာကြည့်တိုက်/စာဖတ်ခန်းရှိပြီးဖြစ်ရမည်။ |
| ၅ | ကျား/မ | ရေမြောင်းများကောင်းမွန်ပြီး ရေစီးရေလာကောင်းမွန်ကာ ရေကြီးရေလျှံမှုမရှိသော ရွာဖြစ်ရမည်။ |

## ၁၆။ ကျေးရွာများမှအဆိုပြုထားသည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ထောက်ကူပြုသင်တန်းများ

လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အထောက်အကူပြုနိုင်မည့် ရပ်ရွာလူထုမှ လိုအပ်ချက်ရှိနေသော အသက်မွေးဝမ်းကြောင်း သင်တန်းများအားဆွေးနွေးရာတွင် အောက်ဖော်ပြပါ သင်တန်းများအား ရပ်ရွာလူထု တစ်ရပ်လုံးမှ အဆိုပြုတင်ပြခဲ့ပါသည်။

| | အဆင့် | လုပ်ငန်းအမည် | အဆိုပြုသူ | ကျေးရွာမှတာဝန်ခံ (သို့) အုပ်စု | ပြင်ပမှမည်သူ ထောက်ပံ့မလဲ |
|---|---|---|---|---|---|
| အသက်မွေးဝမ်းကျောင်း သင်တန်းများ | ၁ | ဆိုင်ကယ်ပြုပြင်နည်းသင်တန်း | ကျား | | |
| | ၂ | ဖုန်းပြုပြင်နည်းသင်တန်း | ကျား | | |
| | ၃ | မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း | ကျား/မ | | |
| | ၄ | ဆံပင်၊ မိတ်ကပ်နှင့် အလှပြုပြင်နည်း သင်တန်း | မ | | |
| | ၅ | စက်ချုပ်သင်တန်း | မ | | |

တစ်နိုင်တစ်ပိုင်ဝင်ငွေတိုးလုပ်ငန်းများအတွက် အသက်မွေးဝမ်းကြောင်း သင်တန်းများ ရရှိပြီး ပါကလည်း ကိုယ်ပိုင်အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် အရင်းအနှီး မတည်ငွေအတွက် အခက်အခဲရှိနိုင်သေးကြောင်းနှင့် အချို့မှာလည်း အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ရန်အတွက် အဖွဲ့အစည်းများအချင်းချင်း ချိတ်ဆက်လုပ်ဆောင်ပေးခြင်းများ၊ အလုပ်အကိုင် အခွင့်အလမ်းအသစ်များ ဖန်တီးပေးမှုများ လိုအပ်နေသေးသည်ကို လေ့လာသုံးသပ်ရပါသည်။